မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

e-NEWSLETTER

VOL.5, N0.8
August 2026

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ မြန်မာ-ဂျပန် စီးပွားရေးဖိုရမ်သို့ တက်ရောက်ခြင်း




ဇူလိုင်လ ၂၈ ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ၂၈-၇-၂၀၂၆ ရက်နေ့၊ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (ရန်ကုန်)၌ ကျင်းပပြုလုပ်သည့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ မြန်မာ-ဂျပန် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုအသင်းနှင့် ဂျပန်နိုင်ငံ Ingo Peace တို့ ပူးပေါင်းကျင်းပသည့် မြန်မာ-ဂျပန် စီးပွားရေးဖိုရမ်တွင် တက်ရောက်အမှာစကားပြောကြားခဲ့ပါသည်။ ယင်းအခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်ဥက္ကဋ္ဌ ဦးသစ်လင်းအုန်း တက်ရောက်ခဲ့ပါသည်။

စာ ၂



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော်၊ ဒုတိယ ပုံမှန်အစည်းအဝေးတွင်နိုင်ငံတော်အစိုးရ၏ ရက် (၁၀၀) ပြည့် နိုင်ငံတော်အခြေပြမိန့်ခွန်း ပြောကြားသည့် အခမ်းအနားသို့ ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ခြင်း

စာ ၂



မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို) တို့ ပူးပေါင်း၍ စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေး ဟောပြောဆွေးနွေးပွဲကျင်းပ

စာ ၇



အမျိုးသမီးကလေးများသင်တန်းကျောင်း(မလိခ) အား ကြည့်ရှုစစ်ဆေးခြင်း

စာ ၁၂



မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ တက္ကသိုလ် (၂၁) ခု၏ ဥပဒေဌာနများသို့ လူ့အခွင့်အရေးဆိုင်ရာ ဥပဒေ စာအုပ်၊ စာတမ်းများ လှူဒါန်း

စာ ၁၄



မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီတို့ တွေ့ဆုံဆွေးနွေးခြင်း

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော်၊ ဒုတိယပုံမှန်အစည်းအဝေးတွင်နိုင်ငံတော်အစိုးရ၏ ရက် (၁၀၀) ပြည့် နိုင်ငံတော်အခြေပြမိန့်ခွန်း ပြောကြားသည့်အခမ်းအနားသို့ ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ခြင်း



ဇူလိုင်လ ၃၁ ရက်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ၃၁-၇-၂၀၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် တတိယအကြိမ်ပြည်ထောင်စုလွှတ်တော်၊ ဒုတိယ ပုံမှန်အစည်းအဝေးတွင် နိုင်ငံတော်အစိုးရ၏ ရက် (၁၀၀) ပြည့် နိုင်ငံတော်အခြေပြ မိန့်ခွန်း ပြောကြားခဲ့ပါသည်။ ယင်းအခမ်းအနားသို့ ကော်မရှင်ဥက္ကဋ္ဌ ဦးသစ်လင်းအုန်းနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ပါသည်။

---

## မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို) တို့ ပူးပေါင်း၍ စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေး ဟောပြောဆွေးနွေးပွဲကျင်းပ



ဇူလိုင်လ ၂၇ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ပါပြဋ္ဌာန်း ချက်များနှင့်အညီ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့ကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် လုပ်ငန်းများအစဉ်တစိုက် ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို) တို့ ပူးပေါင်း၍ ကျင်းပပြုလုပ်သည့် စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေး ဟောပြောဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ၂၇-၇-၂၀၂၆ ရက်နေ့၊ ၁၃:၀၀ နာရီ အချိန် တွင် ရန်ကုန်မြို့၊ မြဝတီမီဒီယာစင်တာ၌ ကျင်းပခဲ့ပါသည်။ ဟောပြောဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ ကော်မရှင်ရုံးဝန်ထမ်းများနှင့် တာဝန်ရှိသူများ၊ ဂျပန်နိုင်ငံ Ingo Peace အဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို) မှ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ တာဝန်ရှိသူများ၊ မြန်မာ-ဂျပန်စီးပွားရေးလုပ်ငန်းရှင်များ၊ ဆက်စပ်ဝန်ကြီးဌာနများမှတာဝန်ရှိသူများ၊ဖိတ်ကြားထားသည့်ဧည့်သည်များ စုစုပေါင်း (၅၂၀) ဦးခန့် တက်ရောက်ခဲ့ပါသည်။

ဦးစွာ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥက္ကဋ္ဌ ဦးသစ်လင်းအုန်းမှ အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့ပြုလုပ်သည့် ဟောပြောဆွေးနွေးပွဲသည် ကော်မရှင်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို) တို့ ပူးပေါင်းဆောင်ရွက်သည့် စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေး ဟောပြောဆွေးနွေးပွဲဖြစ်ပါကြောင်း၊ စီးပွားရေးလုပ်ငန်းများကြောင့် လူ့အခွင့်အရေး ထိပါးခံရမှုမှကာကွယ်နိုင်ရန်အစိုးရနှင့်စီးပွားရေးလုပ်ငန်းများအကြား ပူးပေါင်းဆောင်ရွက်မှု အားပေးမြှင့်တင်နိုင်ရန်၊ ရေရှည်တည်တံ့သော စီးပွားရေး တည်ဆောက်နိုင်ရန်

နှင့် စီးပွားရေးလုပ်ငန်းများဆိုင်ရာ ဥပဒေနှင့် နိုင်ငံတကာ လူ့အခွင့်အရေး စံနှုန်းများကို သိရှိလိုက်နာ နိုင်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ပါကြောင်း၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံတစ်နိုင်ငံအတွက် အရေးကြီးသည်ဖြစ်ရာနိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ အတွက် ပြည်တွင်း/ ပြည်ပစီးပွားရေးလုပ်ငန်းရှင်များ၏ ပူးပေါင်းဆောင်ရွက်မှုများလိုအပ်ပါကြောင်း၊ထိုသို့ဆောင် ရွက်ရာတွင် ဥပဒေလုပ်ထုံးလုပ်နည်းများကို လေးစား လိုက်နာရမည်ဖြစ်ပြီး စီးပွားရေးလုပ်ငန်းများကြောင့် လူ့အခွင့်အရေးထိခိုက်နိုင်မှုများကိုကြိုတင်သိရှိကာကွယ် ရန် လိုအပ်ပါကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ လူ့ အခွင့်အရေးကာကွယ်မြှင့်တင်မှုနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုတို့သည် တစ်ခုနှင့်တစ်ခု အပြန်အလှန် ဆက် နွယ်လျက်ရှိပြီး ခွဲခြား၍မရသော အရေးကြီးသည့် အစိတ် အပိုင်းများဖြစ်ရာ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု ကို ဖော်ဆောင်နိုင်ရန်အတွက် အစိုးရ၊ စီးပွားရေးလုပ်ငန်း များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် နိုင်ငံတကာမိတ် ဖက်များအားလုံး အချင်းချင်း ယုံကြည်မှုရှိစွာ ပူးပေါင်း ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း၊ ၂၀၁၁ ခုနှစ်တွင် ကုလသမဂ္ဂက UN Guiding Principles on Business and Human Rights (UNGPs) ကို အတည်ပြုခဲ့ရာ နိုင်ငံ အများအပြားက Business and Human Rights သည် အရေးပါသောအခြေခံမူတစ်ရပ်အဖြစ် အသိအမှတ်ပြုလာ ကြကြောင်း စသည်ဖြင့်အကျယ်တဝင့် ပြောကြားခဲ့ပါ သည်။ ထို့နောက် ဂျပန်နိုင်ငံ Ingo Peace အဖွဲ့ဥက္ကဋ္ဌ Mr. Hiroyuki Nakazawa က မိတ်ဆက် စကားပြော ကြားခဲ့ပြီးဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တော် ဘာသာပေါင်းစုံချစ်ကြည် ညီညွတ်ရေးအဖွဲ့ (ဗဟို) ဥက္ကဋ္ဌ ဦးဝဏ္ဏက အမှာစကားပြောကြားခဲ့ပါသည်။

ယင်းစီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေးဟောပြောဆွေးနွေးပွဲတွင်မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဒေါက်တာ နုနုရီက လူ့အခွင့်အရေး အခြေခံအယူအဆ အကြောင်း၊ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာတင်ဌေးအိက မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အကြောင်း၊လူ့အခွင့် အရေးနှင့် သဘာဝပတ်ဝန်းကျင်အကြောင်း၊ ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်ဒေါက်တာခိုင်ခိုင်ဝင်းက စီးပွားရေးလုပ်ငန်းများနှင့် လူ့အခွင့်အရေးအကြောင်း တို့ ကို ဟောပြောဆွေးနွေးခဲ့ကြပါသည်။



## ကျန်းမာရေးဝန်ကြီးဌာနမှ “ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများ အပေါ် ဆောင်ရွက်ပေးနေသော ဝန်ဆောင်မှုများ” ဆိုင်ရာသိကောင်းစရာများ ဟောပြောဆွေးနွေးပွဲကျင်းပခြင်း





ဇူလိုင်လ ၂၄ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပသည့် ကျန်းမာရေး ဝန်ဆောင်မှုများအကြောင်း သိကောင်းစရာ များ ဟောပြောဆွေးနွေးပွဲကို ၂၄-၇-၂၀၂၆ ရက်နေ့၊ ၁၃:၀၀ နာရီအချိန်တွင် ကော်မရှင်ရုံး Conference Room ၌ ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့် အရေး ကော်မရှင်ဥက္ကဋ္ဌ ဦးသစ်လင်းအုန်းက အဖွင့်အမှာ စကားပြောကြားရာတွင် “ကျန်းမာခြင်းသည် လာဘ် တစ်ပါး” ဆိုသည့် စကားပုံအတိုင်း လူတစ်ဦး တစ်ယောက် ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ဖို့နှင့် လူ့အဖွဲ့အစည်း တစ်ခုလုံးစဉ်ဆက်မပြတ်တိုးတက်ဖို့အတွက်ကျန်းမာရေး

ဟာ အခြေခံအကျဆုံးနဲ့ အရေးကြီးဆုံးသော သော့ချက်ဖြစ်ပါကြောင်း၊ လူ့အခွင့်အရေး ရှုထောင့်ကနေ ကြည့်မယ်ဆိုရင်လည်း "ကျန်းမာရေး စောင့်ရှောက်မှု ရရှိပိုင်ခွင့်" (Right to Health) သည် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း မှာကတည်းက အတိအကျ ဖော်ပြထားသည့် အခြေခံလူ့အခွင့်အရေးတစ်ရပ်ဖြစ်ပါကြောင်းနှင့် ကော်မရှင်ရုံး ဝန်ထမ်းများအနေဖြင့် ဆွေးနွေးဟောပြောချက်များကို သေချာစွာ မှတ်သားစေလိုကြောင်းပြောကြားပါသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး၊ ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာနန္ဒဝင်းက "ကျန်းမာရေးဝန်ကြီးဌာနမှ ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအပေါ် ဆောင်ရွက်ပေးနေသော ဝန်ဆောင်မှုများ" ခေါင်းစဉ်ဖြင့် အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသည့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အဖွဲ့ဝင်များနှင့်ကော်မရှင်ရုံးဝန်ထမ်းများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာနန္ဒဝင်းက ပြန်လည်ဖြေကြားခဲ့ပြီး ဟောပြောဆွေးနွေးပွဲကို ၁၄:၄၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။ အခမ်းအနားသို့ ကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံး ဝန်ထမ်း (၈၂) ဦးတက်ရောက်ခဲ့ပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ တိုင်းဒေသကြီးနှင့်ပြည်နယ် ကရာတေးပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားသို့တက်ရောက်ခြင်း



ဇူလိုင်လ ၂၃ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးသစ်လင်းအုန်းသည် အားကစားရေးရာဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ ၂၃-၇-၂၀၂၆ ရက်နေ့၊ ၀၉:၀၀ နာရီအချိန်၊ သုဝဏ္ဏမြို့နယ်၊ အမျိုးသား အားကစားပြိုင်ပွဲရုံ (၁) တွင် ကျင်းပပြုလုပ်သည့် ၂၀၂၆ ခုနှစ်၊ တိုင်းဒေသကြီး/ပြည်နယ် ကရာတေးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပါသည်။

## "ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးရေးလုပ်ငန်းတာဝန်များ၊ စာရင်းစစ်လုပ်ငန်းအတွေ့အကြုံများနှင့် ဘဏ္ဍာရေး စည်းမျဉ်းများ" သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲကျင်းပခြင်း





ဇူလိုင်လ ၂၈ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့ ပူးပေါင်းကျင်းပသည့် "ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးရေးလုပ်ငန်းတာဝန်များ၊ စာရင်းစစ်လုပ်ငန်းအတွေ့အကြုံများနှင့် ဘဏ္ဍာရေးစည်းမျဉ်းများ" အကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲကို ၂၈-၇-၂၀၂၆ ရက်နေ့၊ ၁၃:၃၀ နာရီအချိန်တွင် ကော်မရှင်ရုံး Conference Room ၌ ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌ ဦးသစ်လင်းအုန်းက အဖွင့်အမှာစကားပြောကြားရာတွင် ကော်မရှင်ရုံးဝန်ထမ်းများ အနေဖြင့် ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းများကို ပိုမိုနားလည်

သဘောပေါက်ပြီး မိမိတို့လုပ်ငန်းခွင်မှာ အမှားအယွင်းကင်းစွာဖြင့် နိုင်ငံတော်ဘဏ္ဍာ လေလွင့်ဆုံးရှုံးမှု မရှိအောင် ပူးပေါင်းထိန်းသိမ်း ဆောင်ရွက်နိုင်မည့် စွမ်းဆောင်ရည်များ မြှင့်တင်ပေးရန်အတွက် ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရရဲ့ ယန္တရားကြီးတစ်ခုလုံး ဖြောင့်ဖြောင့်တန်းတန်းနှင့် ပွင့်လင်းမြင်သာစွာ လည်ပတ်နိုင်ဖို့အတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးရဲ့ အခန်းကဏ္ဍဟာ အလွန်အရေးကြီးပြီး အားထားရတဲ့ အဖွဲ့အစည်းတစ်ခု ဖြစ်ပါကြောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးဟာ နိုင်ငံတော်ဘဏ္ဍာငွေနှင့် ပစ္စည်းများသုံးစွဲရာမှာ အလေအလွင့်မရှိစေရေး၊ ထိရောက်အကျိုးရှိစေရေးတို့အတွက် နားမျက်စိသဖွယ် စောင့်ကြည့်ကူညီပေးနေတဲ့ အဖွဲ့အစည်းဖြစ်ပါကြောင်းနှင့် ကော်မရှင်ရုံး ဝန်ထမ်းများနေဖြင့် ဆွေးနွေးဟောပြောချက်များကို သေချာစွာမှတ်သားစေလိုကြောင်း ပြောကြားပါသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ညွှန်ကြားရေးမှူး ဒေါ်သက်သက်မာက "ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးရေးလုပ်ငန်းတာဝန်များ၊ စာရင်းစစ်လုပ်ငန်း အတွေ့အကြုံများနှင့် ဘဏ္ဍာရေးစည်းမျဉ်းများ" ခေါင်းစဉ်ဖြင့် အကျယ်တဝင့်ရှင်းလင်း ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသည့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံး ဝန်ထမ်းများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြရာ ညွှန်ကြားရေးမှူး ဒေါ်သက်သက်မာက ပြန်လည်ဖြေကြားခဲ့ပြီး ဟောပြောဆွေးနွေးပွဲကို ၁၆:၁၅ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။ အခမ်းအနားသို့ ကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးဝန်ထမ်း (၇၇) ဦးတက်ရောက်ခဲ့ပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးတို့ Online Platform အသုံးပြု၍ တွေ့ဆုံဆွေးနွေးခြင်း




ဇူလိုင်လ ၁၀ ရက်

မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌ ဦးသစ်လင်းအုန်း ဦးဆောင်၍ ကော်မရှင်အဖွဲ့ဝင် ဦးဝင်းလှိုင်ဦးနှင့် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာဆွေဆွေအောင်တို့သည် ရုရှား ဖက်ဒရေးရှင်းနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီး Mrs. Yana Lantratova နှင့် ကော်မရှင်နှစ်ရပ်အကြား လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ ၁၀-၇-၂၀၂၆ ရက်နေ့ နေ့လည် ၂:၃၀ နာရီအချိန်တွင် Online Platform မှတစ်ဆင့် တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

တွေ့ဆုံဆွေးနွေးရာတွင် လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့အတွက် ကော်မရှင်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် ထိတွေ့ဆက်ဆံမှု တိုးမြှင့်နိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး တွေ့ဆုံဆွေးနွေးမှုကို နေ့လယ် ၃:၁၅ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လူ့အခွင့်အရေး ကော်မရှင်တို့သည် လူ့အခွင့်အရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်း ခိုင်မာစေရန်၊ အတွေ့အကြုံ၊ ဗဟုသုတနှင့်ကျင့်သုံးဆောင်ရွက်မှုပုံစံကောင်းများကိုဖလှယ်နိုင်ရန်နှင့် အဖွဲ့အစည်းနှစ်ရပ်အတွက် အကျိုးဖြစ်ထွန်းစေမည့် နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ကော်မရှင်နှစ်ရပ်အကြားပူးပေါင်းဆောင်ရွက်မှု စာချွန်လွှာ (Memorandum of Cooperation) ကို ၂၀၂၅ ခုနှစ်အတွင်းတွင် လက်မှတ်ရေးထိုး ချုပ်ဆိုထားပါသည်။

## ကော်မရှင်အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးအမှတ်စဉ် (၇/၂၀၂၆) ကျင်းပခြင်း



ဇူလိုင်လ ၇ ရက်

ကော်မရှင်၏ အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေး အမှတ်စဉ် (၇/၂၀၂၆) ကို ၁၀-၇-၂၀၂၆ ရက်နေ့ ၁၀:၀၀ နာရီအချိန်တွင် ကျင်းပခဲ့ရာ ကော်မရှင်ဥက္ကဋ္ဌ ဦးသစ်လင်းအုန်း၊ ကော်မရှင် အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီဝင် ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာဥမ္မာကျော်၊ ဒေါက်တာတင်ဒွေးအိန္ဒြောင့်ညွန်ကြားရေးမှူးချုပ်တို့ တက်ရောက်ခဲ့ကြပါသည်။

## နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်၌ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာ သွားရောက်ပို့ချ





ဇူလိုင်လ ၂၀ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင်ဥပဒေ ပုဒ်မ ၂၂ အရ လူ့အခွင့်အရေး အသိပညာပေးလုပ်ငန်းများကို ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်လာစေရန် မြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။ ယင်းလုပ်ငန်း၏ တစ်စိတ်တစ်ဒေသအနေဖြင့်မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးသစ်လင်းအုန်းသည် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်တွင် ဖွင့်လှစ်လျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ် သင်တန်းအမှတ်စဉ် (၂၅) သို့ တက်ရောက်လျက်ရှိသော သင်တန်းသားများအား ၂၀-၇-၂၀၂၆ ရက်နေ့၊ ၀၈:၀၀ နာရီမှ ၁၁:၅၀ နာရီအချိန်အထိ လူ့အခွင့်အရေးဆိုင်ရာ ဘာသာရပ်သင်ခန်းစာများ သွားရောက်ပို့ချခဲ့ပါသည်။ ပို့ချရာတွင် လူ့အခွင့်အရေးအခြေခံအယူအဆများနှင့် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း အကြောင်း၊ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများထူထောင်မှု၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လုပ်ငန်းတာဝန်များနှင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စာချုပ်များ စသည်တို့ကို ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ အဆိုပါသင်တန်းတွင် စုစုပေါင်း သင်တန်းသားအရာရှိကြီး ၁၄၀ ဦး တက်ရောက်ခဲ့ကြပြီး သိရှိလိုသည့် မေးခွန်းများမေးမြန်းခဲ့ကြရာကော်မရှင်ဥက္ကဋ္ဌကပြန်လည်ရှင်းလင်းဖြေကြားခဲ့ပါသည်။

## ၂၀၂၆ ခုနှစ်၊ မြန်မာအမျိုးသမီးများနေ့အကြို အထိမ်းအမှတ် "ဝတ်စားဆင်ယင်မှုပြပွဲနှင့် ရုပ်ရှင်၊ သဘင်၊ ဂီတ ဖျော်ဖြေပွဲ" အခမ်းအနားသို့ တက်ရောက်ခြင်း

ဇူလိုင်လ ၁ ရက်

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်က စီစဉ်တင်ဆက်သည့် ၂၀၂၆ ခုနှစ်၊ မြန်မာအမျိုးသမီးများနေ့အကြို အထိမ်းအမှတ် "ဝတ်စားဆင်ယင်မှုပြပွဲနှင့် ရုပ်ရှင်၊ သဘင်၊ ဂီတဖျော်ဖြေပွဲ" အခမ်းအနားကို နေပြည်တော်၊ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-I) တွင် ၁-၇-၂၀၂၆ ရက်နေ့၌ ကျင်းပပြုလုပ်ခဲ့ရာ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်သူမြိုင် တက်ရောက်ခဲ့ပါသည်။

## မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်ခြင်း



ဇူလိုင်လ ၂ ရက်

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၏ ဖိတ်ကြားချက်အရ နေပြည်တော်တွင် ၂-၇-၂၀၂၆ ရက်နေ့၌ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အကြို လှုပ်ရှားမှု "သစ်ပင်စိုက်ပျိုးပွဲ" သို့ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်သူမြိုင် တက်ရောက်ခဲ့ပါသည်။

## ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) ၌ သင်ခန်းစာ သွားရောက်ပို့ချ



ဇူလိုင်လ ၂ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ အရ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့ကို ထိရောက်စွာ အကောင်အထည် ဖော်နိုင်ရန် လုပ်ငန်းများ အစဉ်တစိုက်ဆောင်ရွက်လျက်ရှိပါသည်။ ကော်မရှင်သည် လုပ်ငန်းလမ်းညွှန်အဖြစ် ရေးဆွဲထားသော ရှေ့လုပ်ငန်းစဉ်မူဘောင်ပါ ပန်းတိုင်၊ ရည်မှန်းချက်များ နှင့်အညီ နှစ်အလိုက် လုပ်ငန်းစီမံချက်ကို ရေးဆွဲ၍ လုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) တွင် ဖွင့်လှစ်လျက်ရှိသော စခန်းမှူး သင်တန်းအမှတ်စဉ် (၇၂) သို့ ၂-၇-၂၀၂၆ ရက်နေ့၊ ၀၇:၃၀ နာရီအချိန်မှ ၀၉:၅၀ နာရီအချိန်အထိ လူ့အခွင့်အရေးအသိပညာပေး ဘာသာရပ်သင်ခန်းစာများ သွားရောက်ပို့ချခဲ့ပါသည်။ အဆိုပါသင်တန်းတွင် လူ့အခွင့်အရေး အခြေခံအယူအဆများ၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအကြောင်း၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များစသည့် ဘာသာရပ်သင်ခန်းစာများ ပို့ချခဲ့ပါသည်။ သင်တန်းတွင် သင်တန်းသားစုစုပေါင်း ၉၉ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့်မေးခွန်းများကို မေးမြန်းကြရာ ပို့ချသူအရာရှိက ပြန်လည်ဖြေကြားခဲ့ပါသည်။

## ၂၀၂၆ ခုနှစ်၊ မြန်မာအမျိုးသမီးများနေ့ အခမ်းအနားသို့ တက်ရောက်ခြင်း




ဇူလိုင်လ ၃ ရက်

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၏ ဖိတ်ကြားချက်အရ နေပြည်တော်၊ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-I) တွင် ၃-၇-၂၀၂၆ ရက်နေ့၌ ကျင်းပသည့် "၂၀၂၆ ခုနှစ်၊ မြန်မာအမျိုးသမီးများနေ့" အခမ်းအနားသို့ ကော်မရှင် အဖွဲ့ဝင် ဒေါက်တာမြင့်သူမြိုင် တက်ရောက်ခဲ့ပါသည်။

## အကျဉ်းဦးစီးဌာန (နေပြည်တော်) ၌ သင်ခန်းစာ သွားရောက်ပို့ချ



ဇူလိုင်လ ၆ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင်ဥပဒေ ပုဒ်မ ၂၂ အရ လူ့အခွင့်အရေး အသိပညာပေးလုပ်ငန်းများဖြင့်တင်ဆောင်ရွက်လျက်ရှိရာ ယင်းလုပ်ငန်း၏ တစ်စိတ်တစ်ဒေသအဖြစ် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်သည် အကျဉ်းဦးစီးဌာန၊ ရုံးအမှတ် (၄၉) နေပြည်တော်တွင် ဖွင့်လှစ်လျက်ရှိသော ဒုတိယကြီးကြပ်ရေးမှူး သင်တန်းအမှတ်စဉ် (၁၆) သို့ ၆-၇-၂၀၂၆ ရက်နေ့တွင် ၁၂:၀၀ နာရီမှ ၁၆:၀၀ နာရီ အချိန်အထိ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက်ပို့ချခဲ့ပါသည်။ အဆိုပါသင်တန်း၌အကျဉ်းဦးစီးဌာန၏ရည်မှန်းချက်တာဝန်အရ လုပ်ငန်းများဆောင်ရွက်ရာတွင် အကျဉ်းသားများ၏ အခြေခံရပိုင်ခွင့်နှင့် လူသားဂုဏ်သိက္ခာကို လေးစားတတ်စေရန် ရည်ရွယ်၍ လူ့အခွင့်အရေး အခြေခံအယူအဆများ၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအကြောင်း၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ စသည့်သင်ခန်းစာများကို ပို့ချခဲ့ပါသည်။ သင်တန်းတွင် သင်တန်းသား ၃၀ ဦး၊ သင်တန်းသူ ၁၀ ဦး စုစုပေါင်း သင်တန်းသား ၄၀ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ပို့ချသူအရာရှိက ပြန်လည်ဖြေကြားခဲ့ပါသည်။

---

## တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်) ၌ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာပို့ချ







ဇူလိုင်လ ၉ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥပဒေပုဒ်မ ၂၂ပါပြဋ္ဌာန်းချက်များနှင့်အညီကော်မရှင်သည် သတင်းအချက်အလက်များဖြန့်ဝေခြင်းနှင့်အများပြည်သူအား လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေးခြင်းများဖြင့် လူ့အခွင့်အရေးဆိုင်ရာ အသိပညာဗဟုသုတများ မြင့်မားလာစေရန် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက် ရှိပါသည်။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင်များ ဖြစ်ကြသော ဒေါက်တာနန္ဒရီနှင့် ဒေါက်တာတင်ဌေးအိတို့သည် တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်)တွင် ဖွင့်လှစ်လျက်ရှိသော ခြေလျင်တပ်ရင်းမှူးသင်တန်းအမှတ်စဉ် (၆၅) သို့ ၉-၇-၂၀၂၆ ရက်နေ့ ၀၇:၄၀ နာရီမှ ၁၀:၄၀ နာရီအချိန်အထိ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာနန္ဒရီက လူ့အခွင့်အရေး အခြေခံ အယူအဆများအကြောင်းနှင့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအကြောင်း၊ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာတင်ဌေးအိက အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်ကြီး (၉) ခုအကြောင်း၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များအကြောင်းစသည့် ဘာသာရပ်သင်ခန်းစာများအား Video Conferencing System ဖြင့် ပို့ချခဲ့ပါသည်။ အဆိုပါသင်တန်းတွင် သင်တန်းသားအရာရှိ ၈၂ ဦး တက်ရောက်ခဲ့ကြပါသည်။

# ရုရှားနိုင်ငံ၊ ခါဆွန်ဒေသခံ ပြည်သူများအပေါ် ယူကရိန်းစစ်တပ်၏ အကြမ်းဖက်မှုဆိုင်ရာ နိုင်ငံတကာတယ်လီကွန်ဖရင့်သို့ ပါဝင်တက်ရောက်ခြင်း







ဇူလိုင်လ ၁၀ ရက်

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့၊ မြန်မာစံတော်ချိန် ၁၈:၃၀ နာရီတွင် zoom မှတစ်ဆင့် ပြုလုပ်ခဲ့သော “ယူကရိန်းနိုင်ငံ၏ ရာဇဝတ်မှုများ – ခါဆွန်ဒေသခံပြည်သူများအပေါ် အကြမ်းဖက်မှု (Crimes of the Kiev Regime: Terror against the Civilians of the Kherson Region)” ဆိုင်ရာ နိုင်ငံတကာ တယ်လီကွန်ဖရင့်သို့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ တာဝန်ပေးချက်အရ ကော်မရှင်ရုံး နိုင်ငံတကာဆက်ဆံရေးဌာန၊ ညွှန်ကြားရေးမှူး ဦးဇေယျာလင်း ပါဝင်တက်ရောက်ခဲ့ပါသည်။

တယ်လီကွန်ဖရင့်သို့ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ သံရုံးများနှင့် ကိုယ်စားလှယ်အဖွဲ့ရုံးများမှ ကိုယ်စားလှယ်များ၊ နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ သတင်းမီဒီယာများမှ ကိုယ်စားလှယ်များ စုစုပေါင်း ၂၂၀ ဦးခန့် ပါဝင် တက်ရောက်ကြပါသည်။

တယ်လီကွန်ဖရင့်တွင် Mr. Rodion Miroshnik, Ambassador-at-Large of the Ministry of Foreign Affairs of Russia on the Crimes Committed by the Kiev Regime; Mr. Vladimir Saldo, Governor of the Kherson region; Ms. Yana Lantratova, Commissioner for Human Rights in the Russian Federation; Mr. Mikhail Zvinchuk, Head of the Russian Military-Analytical Center “Rybar” နှင့် Mr. Andrea Lucidi, War Correspondent, Journalist for the media Visione TV (Italy) တို့က အဓိကဆွေးနွေးပြောကြားသူများအဖြစ်ဆောင်ရွက်ခဲ့ကြပြီး ပဋိပက္ခအတွင်း ယူကရိန်းစစ်တပ်၏ ရုရှားဖက်ဒရေးရှင်းနိုင်ငံ အရပ်သားပြည်သူများအပေါ် အကြမ်းဖက်တိုက်ခိုက်မှုများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆွေးနွေးပြောကြားခဲ့ကြကာ တယ်လီကွန်ဖရင့်ကို မြန်မာစံတော်ချိန် ၂၂:၁၅ နာရီအချိန်ခန့်တွင် ရုပ်သိမ်းခဲ့ပါသည်။

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ၌ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သင်ခန်းစာ သွားရောက်ပို့ချ



ဇူလိုင်လ ၁၀ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေပုဒ်မ ၂၂ အရ ကော်မရှင်သည် လူ့အခွင့်အရေး အသိပညာပေးလုပ်ငန်းများကို အများပြည်သူလူထု အတွင်း တက်ကြွစွာ မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်သည် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) တွင် ဖွင့်လှစ်လျက်ရှိသော အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၈၄) သို့ ၁၀-၇-၂၀၂၆ ရက်နေ့ ၁၃:၀၀ နာရီမှ ၁၅:၅၀ နာရီအချိန်အထိ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဘာသာရပ်သင်ခန်းစာများအား သွားရောက် ပို့ချ

ခဲ့ပါသည်။ အဆိုပါသင်တန်းတွင် သင်တန်းသား ၉၃ ဦး၊ သင်တန်းသူ ၃၈၂ ဦး၊ စုစုပေါင်း သင်တန်းသားဦးရေ (၄၇၅) ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ပို့ချသူအရာရှိက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပါသည်။

## နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ၌ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သင်ခန်းစာ သွားရောက်ပို့ချ



ဇူလိုင်လ ၁၃ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေပုဒ်မ ၂၂ပါ ပြဋ္ဌာန်းချက်များနှင့်အညီကော်မရှင်သည် သတင်းအချက်အလက်များ ဖြန့်ဝေခြင်းနှင့် အများပြည်သူအား လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေးခြင်းများဖြင့် လူ့အခွင့်အရေးဆိုင်ရာ အသိပညာဗဟုသုတများ မြင့်မားလာစေရန် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက် ရှိပါသည်။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းသည် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) တွင် ဖွင့်လှစ်လျက်ရှိသော အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံ သင်တန်း အမှတ်စဉ် (၁၁၄) သို့ ၁၃-၇-၂၀၂၆ ရက်နေ့ ၀၈:၃၀ နာရီအချိန်မှ ၁၁:၂၀ နာရီအချိန်ထိ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဘာသာရပ်သင်ခန်းစာများအား သွားရောက်ပို့ချခဲ့ပါသည်။ အဆိုပါသင်တန်းတွင် သင်တန်းသား ၄၈ ဦး၊ သင်တန်းသူ ၄၄၆ ဦး၊ စုစုပေါင်း သင်တန်းသားဦးရေ (၄၉၄) ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ပို့ချသူအရာရှိက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ တက္ကသိုလ် (၃၃) ခု၏ ဥပဒေပညာဌာနများသို့ လူ့အခွင့်အရေးဆိုင်ရာ ဥပဒေ စာအုပ်၊ စာတမ်းများ လှူဒါန်း





ဇူလိုင်လ ၁၄ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေပုဒ်မ ၂၂ အရ ကော်မရှင်သည် သတင်းအချက်အလက်များ ဖြန့်ဝေခြင်းနှင့် ပြည်သူလူထုအား လူ့အခွင့်အရေးဆိုင်ရာအသိပညာပေးခြင်းများဖြင့် လူ့အခွင့်အရေးဆိုင်ရာအသိပညာဗဟုသုတများ မြင့်မားလာစေရန် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် နိုင်ငံတစ်ဝန်းရှိ တက္ကသိုလ်၊ ဒီဂရီ ကောလိပ်များ၌ ဥပဒေပညာ လေ့လာဆည်းပူးနေကြသော ကျောင်းသား/သူများ လူ့အခွင့်အရေး အသိပညာ တိုးပွားလာစေရေးအတွက် လူ့အခွင့်အရေးနှင့် ဥပဒေဆိုင်ရာ စာအုပ်၊ စာတမ်းများကို ရက် ၁၀၀ စီမံချက် လုပ်ငန်းတစ်ရပ်အဖြစ် ၂၀၂၆ ခုနှစ်၊ ဇွန်လမှ ဇူလိုင်လ ဒုတိယပတ်အထိ ကာလအတွင်း ၃ ကြိမ်ခွဲ၍ ပေးပို့လှူဒါန်းနိုင်ရေး လျာထားခဲ့ရာ ဇွန်လတွင် ပထမအကြိမ်အဖြစ် တက္ကသိုလ် (၁၂) ခု တို့သို့

ပေးပို့ လှူဒါန်းခဲ့ပါသည်။ ဇူလိုင်လ ပထမပတ်တွင် ဒုတိယအကြိမ်အဖြစ် တက္ကသိုလ် (၁၀) ခုသို့ လည်းကောင်း၊ ဇူလိုင်လဒုတိယပတ်တွင်တတိယအကြိမ်အဖြစ် တက္ကသိုလ် (၁၁) ခု သို့လည်းကာင်း ပေးပို့ လှူဒါန်းခဲ့ပါသည်။

၇-၇-၂၀၂၆ ရက်နေ့၌ ဒုတိယအကြိမ်အဖြစ် ပေးပို့လှူဒါန်းခဲ့သည့် တက္ကသိုလ် (၁၀) ခုမှာ ပဲခူးတက္ကသိုလ်၊ ကျောက်ဆည်တက္ကသိုလ်၊ တောင်ငူတက္ကသိုလ်၊ မြစ်ကြီးနားတက္ကသိုလ်၊ မကွေးတက္ကသိုလ်၊ မုံရွာတက္ကသိုလ်၊ ပြည်တက္ကသိုလ်၊ မြိတ်တက္ကသိုလ်၊ ရွှေဘိုတက္ကသိုလ်၊ စစ်တွေတက္ကသိုလ်တို့ဖြစ်ပြီး ၁၄-၇-၂၀၂၆ ရက်နေ့တွင် တတိယအကြိမ်အဖြစ် ဟားခါးတက္ကသိုလ်၊ မအူပင်တက္ကသိုလ်၊ မော်လမြိုင်တက္ကသိုလ်၊ ဟသ်ာတတက္ကသိုလ်၊ ပုသိမ်တက္ကသိုလ်၊ State Academy (နေပြည်တော်)၊ တောင်ကြီး တက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်နှင့် စစ်ကိုင်း)နှင့် ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း) စသည့် တက္ကသိုလ် (၁၁) ခု တို့သို့ ပေးပို့လှူဒါန်းခဲ့ပါသည်။ ယင်းသို့ စာအုပ်၊ စာတမ်းများလှူဒါန်းရာတွင် ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဦးတင်ကိုကို၊ ဒေါက်တာနုနုရီနှင့် ဒေါက်တာတင်ဌေးအိတို့က ဒဂုံတက္ကသိုလ်နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်) တို့ရှိ ဥပဒေပညာဌာနများသို့ ကိုယ်တိုင်သွားရောက်လှူဒါန်းခဲ့ကြပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီတို့ တွေ့ဆုံဆွေးနွေးခြင်း





ဇူလိုင်လ ၁၆ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အဖွဲ့ဝင် ဒေါက်တာဆွေဆွေအောင် ဦးဆောင်၍ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်း၊ ညွှန်ကြားရေးမှူးများဖြစ်ကြသည့် ဦးသူရကျော်၊ ဦးဇေယျာလင်းတို့သည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) မှ Protection Coordinator ဖြစ်သူ Mr. Sebastien Bole Besancon ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ၁၆-၇-၂၀၂၆ ရက်နေ့ ၁၁:၀၀ နာရီအချိန်၌ ကော်မရှင်ရုံး Call Room တွင် လက်ခံတွေ့ဆုံ ဆွေးနွေးခဲ့ပါသည်။

တွေ့ဆုံဆွေးနွေးရာတွင် ကော်မရှင်က ဆောင်ရွက်လျှက်ရှိသည့် လူ့အခွင့်အရေး မြှင့်တင်ပညာပေးရေးနှင့် ကာကွယ်စောင့်ရှောက်ရေး ဆိုင်ရာကိစ္စရပ်များ၊ ICRC ၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ အဖွဲ့အစည်း နှစ်ရပ်ကြား ပူးပေါင်း ဆောင်ရွက်နိုင်ရေး နှင့်စပ်လျဉ်းသည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး တွေ့ဆုံဆွေးနွေးမှုကို နေ့လည်ကို ၁၂:၀၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ မင်းကုန်းစိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းအား ကြည့်ရှုစစ်ဆေးခြင်း





ဇူလိုင်လ ၁၇ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးသန်းဝင်းနှင့် ဦးအုန်းခိုင်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင် ဥပဒေပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်များ နှင့်အညီ ၁၇-၇-၂၀၂၆ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်ရှိ မင်းကုန်း စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းသို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

မင်းကုန်းစိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းကို ကော်မရှင်ဥပဒေ ပြဋ္ဌာန်းချက်များ၊ ကော်မရှင် ဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများ နှင့်အညီ ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသားများကို အိပ်ဆောင်များတွင် တွေ့ဆုံကာ အကျဉ်းသားတစ်ဦး၏ အနိမ့်ဆုံး ရရှိမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု အခြေအနေများ၊ ကျန်းမာရေး စောင့်ရှောက်မှု ရှိ မရှိ၊ လုပ်ငန်းခွင်အတွင်း ထိခိုက်ဒဏ်ရာရရှိပါက ဆေးကုသပေးမှုအခြေအနေ၊ သန့်ရှင်းသော သောက်သုံးရေ လုံလောက်မှု ရှိ မရှိ၊ အလုပ်နားရက်တွင်ကိုယ်လက်လှုပ်ရှားအားကစား ဆောင်ရွက်ပေးမှုအခြေအနေ၊ အကျဉ်းသားများမှ စခန်း စာကြည့်တိုက်ရှိ စာအုပ်များ ငှားရမ်းဖတ်ရှုရာတွင် လွယ်ကူစွာ ဖတ်ရှုနိုင်ရေး ဆောင်ရွက်ပေးမှု ရှိ မရှိ၊ လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့် ရှိ မရှိ၊ မိသားစုတွေ့ဆုံခွင့်နှင့် ထောက်ပံ့စာပစ္စည်းများ စုံလင်စွာရရှိခြင်း ရှိ မရှိ၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများ ရရှိခြင်း ရှိ မရှိ၊ လုပ်ငန်းခွင်အတွင်း တာဝန်ပေးအပ်ရာတွင် ခွဲခြားဆက်ဆံမှု ရှိ မရှိ၊ ညှဉ်းပန်းနှိပ်စက်မှု ရှိ မရှိနှင့် လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းမှု ရှိ မရှိ စသည်တို့ကို မေးမြန်းမှတ်တမ်းတင်ခဲ့ပါသည်။

ထို့နောက် အကျဉ်းသားများ၏ အိပ်ဆောင်များ၊ ဆေးခန်း၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာ ဂိုထောင်၊ ရေသန့်စက်၊ သုံးရေကန်များနှင့် အတွင်း/အပြင် မိလ္လာများ သန့်ရှင်းမှု ရှိ မရှိ တို့ကို ကြည့်ရှု စစ်ဆေးခဲ့ပြီး အကျဉ်းသားများ လေ့လာ ဖတ်ရှုနိုင်ရန်အတွက် ဗဟုသုတရဖွယ်ရာ စာအုပ်စာပေများကို ကော်မရှင်မှ လှူဒါန်းခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာ ဌာနသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြု ပေးပို့သွားမည်ဖြစ်ပါသည်။

## အမျိုးသမီးကလေးများသင်တန်းကျောင်း (မလိခ) အား ကြည့်ရှုစစ်ဆေးခြင်း





ဇူလိုင်လ ၂၀ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင် ဒေါက်တာမြင့်သူမြိုင်၊ ဦးသန်းဝင်းနှင့်ဦးအုန်းခိုင်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၁၀-၇-၂၀၂၆ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်ရှိ အမျိုးသမီးကလေးများ သင်တန်းကျောင်း (မလိခ) သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင် ဥပဒေ ပြဋ္ဌာန်းချက်များ၊ ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ နှင့်အညီ ကြည့်ရှုစစ်ဆေးစဉ် သင်တန်းကျောင်းတွင် အမျိုးသမီးငယ်များအား ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေ၊ အစားအစာ ကျွေးမွေးမှု အခြေအနေ၊ အိပ်ဆောင်များထားရှိမှု အခြေအနေ၊ အမျိုးသမီး တစ်ကိုယ်ရည်သုံးပစ္စည်းများ လုံလောက်စွာ ရရှိမှု အခြေအနေ၊ သန့်ရှင်းသော သောက်သုံးရေ ရရှိအောင် ဆောင်ရွက်ပေးမှု အခြေအနေ၊ ချိုးရေကန်များ သန့်ရှင်းမှုနှင့် ရေလုံလောက်မှု ရှိ မရှိ၊ အကျင့်စာရိတ္တ ပြုပြင်ပေးခြင်းဖြင့် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ တိုးတက်ကောင်းမွန်လာစေရေး၊လူမှုဘဝ ရပ်တည်နိုင်စေရန် စိတ်ဓာတ်ခွန်အားများ ထည့်သွင်းပေါင်းစပ်၍ လေ့ကျင့်ပြုစုစောင့်ရှောက်ပေးခြင်းဖြင့် လူမှုအသိုင်းအဝိုင်းအတွင်း တန်ဖိုးရှိသော အမျိုးသမီးများအဖြစ်ရပ်တည်နေထိုင်သွားနိုင်စေရေး နှင့် ပညာသင်ကြားခွင့်၊ အသက်မွေးဝမ်းကျောင်း ပညာသင်ကြားခွင့်၊ မိသားစုနှင့် ဆက်သွယ်ခွင့်၊ မိသားစုနှင့် ပြန်လည်ပေါင်းစည်းခွင့်နှင့် လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်စသည့် အခြေခံ လူ့အခွင့်အရေးများ ရရှိအောင် ဆောင်ရွက်ပေးမှု အခြေအနေတို့နှင့် ကော်မရှင်မှ ယခင်လာရောက်စစ်ဆေးခဲ့စဉ်က အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကော်မရှင်ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလို ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ ပေးပို့သွားမည်ဖြစ်ပါသည်။

## စုံစမ်းစစ်ဆေးမှုအတတ်ပညာသင်ကျောင်း (တောင်ငူ) ၌ သင်ခန်းစာ သွားရောက်ပို့ချ

ဇူလိုင်လ ၂၁ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေပုဒ်မ ၂၂ပါပြဋ္ဌာန်းချက်များနှင့်အညီကော်မရှင်သည် သတင်းအချက်အလက်များဖြန့်ဝေခြင်းနှင့်အများပြည်သူအား လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေးခြင်းများဖြင့် လူ့အခွင့်အရေးဆိုင်ရာ အသိပညာဗဟုသုတများ မြင့်မားလာစေရန် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လျက် ရှိပါသည်။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်ရုံး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးကောင်းခန့်ဇင်သည်အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စုံစမ်းစစ်ဆေးမှုအတတ်ပညာသင်ကျောင်း(တောင်ငူ) တွင် ဖွင့်လှစ်လျက်ရှိသော အမှုစစသင်တန်းအမှတ်စဉ် (၇) သို့ ၂၁-၇-၂၀၂၆ ရက်နေ့၊ ၀၈:၀၀ နာရီအချိန်မှ ၁၁:၅၀ နာရီအချိန်ထိ လူ့အခွင့်အရေး စံတန်ဖိုးများ ဘာသာရပ် သင်ခန်းစာအား သွားရောက်ပို့ချခဲ့ပါသည်။ သင်တန်းတွင် သင်တန်းသား ၁၇ ဦး၊ သင်တန်းသူ ၃ ဦး စုစုပေါင်း သင်တန်းသား ၂၀ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကိုမေးမြန်းကြရာ ပို့ချသူအရာရှိက ပြန်လည်ဖြေကြားခဲ့ပါသည်။

# အရှေ့တောင်အာရှအမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်၏ ဒုတိယအကြိမ်လုပ်ငန်းအဖွဲ့အစည်းအဝေးနှင့် ဆက်စပ်ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ပါဝင်တက်ရောက်







ဇူလိုင်လ ၂၁ ရက်

အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (Southeast Asia National Human Rights Institutions Forum – SEANF) ၏ ၂၀၂၆ ခုနှစ် ဒုတိယအကြိမ် လုပ်ငန်းအဖွဲ့အစည်းအဝေးနှင့် ဆက်စပ်ဆွေးနွေးပွဲများကို ဖိုရမ်၏ အလှည့်ကျ ဥက္ကဋ္ဌအဖြစ် တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် မလေးရှားနိုင်ငံ လူ့အခွင့်အရေး ကော်မရှင်က ဦးဆောင်၍ ၂၁-၇-၂၀၂၆ ရက်နေ့မှ ၂၂-၇-၂၀၂၆ ရက်နေ့ အထိ မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့တွင် Hybrid Format ဖြင့် ကျင်းပပြုလုပ်ခဲ့ပြီး ၂၃-၇-၂၀၂၆ ရက်နေ့တွင် ဖိုရမ်၏ လေ့လာရေးခရီးစဉ်ကို ဆက်လက်ပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးသို့ ဖိုရမ်အဖွဲ့ဝင်များဖြစ်ကြသည့် မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်းနှင့် တီမောလက်စ်တေနိုင်ငံ လူ့အခွင့်အရေး ကော်မရှင်များမှ ကိုယ်စားလှယ်များက In-person တက်ရောက်ခဲ့ကြပြီး အင်ဒိုနီးရှားနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသည့် ဦးဝင်းလှိုင်ဦးနှင့် ဒေါက်တာ ဆွေဆွေအောင်၊ ကော်မရှင်ရုံး ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံတကာဆက်ဆံရေးဌာနမှ ညွှန်ကြားရေးမှူးနှင့် ရုံးဝန်ထမ်းများက Video Conferencing စနစ်ဖြင့် ပါဝင် တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေး ပထမနေ့တွင် ၂၀၂၆ခုနှစ်၊ ဧပြီလက ကျင်းပခဲ့သော ဖိုရမ်၏ ပထမအကြိမ် လုပ်ငန်းအဖွဲ့အစည်းအဝေး နောက်ပိုင်းကာလအတွင်း ဖိုရမ်အဖွဲ့ဝင် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များနှင့် တိုးတက်အောင်မြင်မှုများ၊ အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (SEANF) ၏ မဟာဗျူဟာစီမံကိန်း (၂၀၂၂-၂၀၂၆) ပါ ဦးစားပေး ကိစ္စရပ် (၅) ရပ် အကောင်အထည်ဖော်ဆောင်ရွက်ရန် အဓိက တာဝန်ယူထားသော သက်ဆိုင်ရာ ဖိုရမ်အဖွဲ့ဝင် အမျိုးသား လူ့အခွင့်အရေး ကော်မရှင်များ၏ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများ၊ ဘေးကင်းလုံခြုံမှု၊ သန့်ရှင်းမှု၊ ကျန်းမာရေးနှင့် ရေရှည်တည်တံ့သော သဘာဝပတ်ဝန်းကျင် အခွင့်အရေးဆိုင်ရာ အာဆီယံ ကြေညာစာတမ်းနှင့် ပတ်သက်၍ ဆောင်ရွက်နေမှု အခြေအနေများ၊ အသက်အရွယ်ကြီးရင့်သူများ အခွင့်အရေးနှင့် စပ်လျဉ်း၍ ဥပဒေအရ စည်းနှောင်မှုရှိသော စာချုပ်တစ်ရပ်ဖြစ်ပေါ်ရေး ဆောင်ရွက်နေမှု အခြေအနေနှင့် စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ဆောင်ရွက်နေမှု အခြေအနေများ၊ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများအကြား စုံစမ်းစစ်ဆေးမှု ယန္တရားတစ်ရပ် တည်ထောင်ခြင်းနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များအား ဆွေးနွေး ပြောကြားခဲ့ပါသည်။ ထို့နောက် အင်ဒိုနီးရှားနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၊ မလေးရှားနိုင်ငံ လူ့အခွင့်အရေး ကော်မရှင်နှင့် ဖိလစ်ပိုင်နိုင်ငံ လူ့အခွင့်အရေးကော်မရှင်တို့အကြား နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးချုပ်ဆို၍ ပူးပေါင်း ဆောင်ရွက်လျက်ရှိသော Sabah ဒေသရှိ နယ်စပ်ဖြတ်ကျော် ရွှေ့ပြောင်းသွားလာမှု၊ နိုင်ငံမဲ့ဖြစ်မှုနှင့် လူ့အခွင့်အရေးဆိုင်ရာ ပူးတွဲသုတေသန မူဘောင်နှင့် လုပ်ငန်း လမ်းညွှန်ချက်များဆိုင်ရာ သတင်းအချက်အလက်များကို တင်ပြဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးတွင် ဖိုရမ်၏ပထမအကြိမ် လုပ်ငန်းအဖွဲ့အစည်းအဝေး နောက်ပိုင်းကာလအတွင်း မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ကော်မရှင်အဖွဲ့ဝင် ဦးဝင်းလှိုင်ဦးက ဆွေးနွေးခဲ့ပါသည်။ ထို့နောက် SEANF ၏ မဟာဗျူဟာစီမံကိန်း (၂၀၂၂-၂၀၂၆) ပါ ဦးစားပေးကိစ္စရပ်များအနက် ကော်မရှင်က ဦးဆောင်အဖွဲ့အစည်းအဖြစ် တာဝန်ယူထားသော ဦးစားပေးကိစ္စရပ် အမှတ် (၂) ဖြစ်သည့် "စီးပွားရေးလုပ်ငန်းများတွင် လူ့အခွင့်အရေး မြှင့်တင်ရန်နှင့် ကာကွယ်ရန်" ကိစ္စရပ်နှင့် စပ်လျဉ်း၍ ကော်မရှင်၏ အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေကို ကော်မရှင်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းက ဆွေးနွေးခဲ့ပါသည်။

အစည်းအဝေး ဒုတိယနေ့ နံနက်ပိုင်းတွင် ဖိုရမ်၏ (၂၃) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး ကျင်းပနိုင်ရေးကိစ္စရပ် အပါအဝင် ဖိုရမ်၏ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင် ကိုယ်စားလှယ်အဖွဲ့က ဖိုရမ်၏ ၂၀၂၇ ခုနှစ် အလှည့်ကျ ဥက္ကဋ္ဌတာဝန်ကို မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်က လက်ခံရယူရန် ကိစ္စကို ထည့်သွင်းဆွေးနွေးခဲ့ပါသည်။

ထို့နောက် နေ့လယ်ပိုင်းတွင် "အရှေ့တောင်အာရှဒေသရှိဒုက္ခသည်များနှင့် လူကုန်ကူးမှုပြဿနာရပ်များနှင့် စပ်လျဉ်းသော ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုအတွက် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ" ခေါင်းစဉ်ဖြင့် ဖိုရမ်၏ ဆက်စပ်ဆွေးနွေးပွဲတစ်ရပ်ကို ဆက်လက် ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ ဆက်စပ်ဆွေးနွေးပွဲတွင် "အရှေ့တောင်အာရှဒေသရှိဒုက္ခသည်များနှင့် လူကုန်ကူးမှုဆိုင်ရာ အခြေအနေများကို နားလည်သဘောပေါက်ခြင်း ဖြစ်ပေါ်စေသော အကြောင်းရင်းများ၊ လက်ရှိဖြစ်ပေါ်နေသော လမ်းကြောင်းများနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ စိန်ခေါ်မှုများ" နှင့် "ဒုက္ခသည်များနှင့်လူကုန်ကူးခံရသူများအတွက် ကာကွယ်စောင့်ရှောက်မှု ဗျူဟာချက်များနှင့် တရားမျှတမှု ရရှိရေး လက်လှမ်းမီနိုင်မှု" စသည့် ခေါင်းစဉ်များအလိုက် အပြန်အလှန်ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြပြီး ကော်မရှင်မှ ပါဝင်ဆွေးနွေးခဲ့ပါသည်။

အရှေ့တောင်အာရှအမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် ( Southeast Asia National Human Rights Institutions Forum – SEANF ) ကို ၂၀၀၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ၂၀၁၂ ခုနှစ်တွင် ဖိုရမ်အဖွဲ့ဝင် အဖြစ် ပါဝင်ခဲ့ပါသည်။

---

## ကော်မရှင်ရုံးဝန်ထမ်းများအတွက် သက်သာချောင်ချိရေး အစီအစဉ်အဖြစ် မီးဖိုချောင်သုံးသက်သာပစ္စည်းများ ဖြန့်ဝေရောင်းချပေးခြင်း



ဇူလိုင်လ ၂၃ ရက်

ကော်မရှင်ရုံး ဝန်ထမ်းများအတွက် သက်သာချောင်ချိရေးအစီအစဉ်အဖြစ် ၂၃-၇-၂၀၂၆ ရက်နေ့တွင် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် (MRF) မှ ဆန်အိတ် ပေါ်ဆန်း (၆၃) အိတ် (၅) ပြည်ဝင် တစ်အိတ်လျှင် ၂၈၇၀၀ ကျပ်နှုန်း ၊ ဧည့်မထ (၂၅) အိတ် (၅) ပြည်ဝင်တစ်အိတ်လျှင် ၁၅၇၀၀ ကျပ်နှုန်းဖြင့် ကော်မရှင်ရုံး ဝန်ထမ်းများအတွက် ဝယ်ယူဖြန့်ဝေရောင်းချပေးခဲ့ပါသည်။

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မန္တလေးလူငယ်သင်တန်းကျောင်း၊ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း၊ အမျိုးသမီးကလေးများသင်တန်းကျောင်း၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဌာန၊ ပုသိမ်ကြီးလူငယ်သင်တန်းကျောင်း၊ မြို့နယ်ရဲစခန်းအချုပ်ခန်းများနှင့် တရားရုံးအချုပ်ခန်းများကို ကြည့်ရှုစစ်ဆေးခြင်း



ဇူလိုင်လ ၂၅ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှအဖွဲ့ဝင်ဦးသန်းဝင်း၊ဦးအုန်းခိုင်နှင့်ဒေါက်တာတင်ဌေးအိတို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၂၃-၇-၂၀၂၆ရက်နေ့တွင်မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်ရှိမန္တလေးလူငယ်သင်တန်းကျောင်း၊ အမျိုးသမီး သက်မွေးအတတ်ပညာသင်ကျောင်း၊ အောင်မြေသာစံမြို့နယ် တရားရုံးအချုပ်ခန်းနှင့် ချမ်းအေးသာစံမြို့နယ်ရှိ မြို့နယ်တရားရုံး အချုပ်ခန်းသို့ လည်းကောင်း၊၂၄-၇-၂၀၂၆ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်ရှိ အမျိုးသမီးကလေးများသင်တန်းကျောင်း၊ အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးဌာန၊ ပုသိမ်ကြီးမြို့နယ်ရှိ ပုသိမ်ကြီးလူငယ်သင်တန်းကျောင်း၊ ပုသိမ်ကြီးမြို့နယ်ရှိ မြို့မရဲစခန်းအချုပ်ခန်းနှင့် ပြည်ကြီးတံခွန်မြို့နယ်ရှိရဲစခန်းအချုပ်ခန်းသို့လည်းကောင်း၊၂၅-၇-၂၀၂၆ ရက်နေ့တွင် အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်နှင့် ချမ်းမြသာစည်မြို့နယ်ရှိ ရဲစခန်းအချုပ်ခန်းများသို့လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် သင်တန်းကျောင်းများအား ကြည့်ရှုစစ်ဆေးစဉ် သင်တန်းကျောင်းများတွင် လက်ခံစောင့်ရှောက်ထားသောကလေးလူငယ်များ၏စိတ်ဒဏ်ရာ၊ လူမှုရေးအရ အပယ်ခံရမည်ကို စိုးရိမ်စိတ်နှင့် မိမိကိုယ်ကို ယုံကြည်မှု ပျောက်ဆုံးခြင်းများ လျော့ပါးစေရန် စိတ်ဓာတ်ပြုပြင်ရေးနှင့် အသက်မွေးဝမ်းကျောင်း ပညာများ သင်ကြားပေးနိုင်ရေးအတွက် စနစ်တကျ ချမှတ်ဆောင်ရွက်ထားရှိမှုအခြေအနေများ၊တရားရင်ဆိုင်ဆဲအမှုများ ကြန့်ကြာမှု ရှိ မရှိ အခြေအနေ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အစားအစာ ကျွေးမွေးမှု၊ သန့်ရှင်းသော သောက်သုံးရေ ရရှိအောင် ဆောင်ရွက်ပေးနေမှု၊ အိပ်ဆောင်များထားရှိမှုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိမှု အခြေအနေများကို စစ်ဆေးခဲ့ပြီး လူငယ်များအား စာရိတ္တပြုပြင်၍ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်လာစေရန် လေ့ကျင့်ပြုစုပေးခြင်းဖြင့် လူမှုပတ်ဝန်းကျင်တွင်ပြန်လည်ဝင်ဆံ့နိုင်အောင်ပြုစုပျိုးထောင်ပေးမှုအခြေအနေများနှင့် ပညာသင်ကြားခွင့်၊ မိသားစုနှင့် ဆက်သွယ်/တွေ့ဆုံ/ ပြန်လည်ပေါင်းစည်းခွင့်၊ လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်နှင့် ညှဉ်းပန်းနှိပ်စက်ခံရမှု ရှိ မရှိ စသည့် အခြေခံလူ့အခွင့်အရေးများ ရရှိအောင် ဆောင်ရွက်ပေးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ထို့နောက် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် မြို့နယ်ရဲစခန်းအချုပ်ခန်းများနှင့် တရားရုံး အချုပ်ခန်းများအား ကြည့်ရှုစစ်ဆေးစဉ် ရီမန်ကာလအခြေအနေ၊ အချုပ်ခန်းများအတွင်း နေထိုင်စဉ်နှင့် အမှုစစ်ဆေးစဉ်ကာလအတွင်း ညှဉ်းပန်းနှိပ်စက်ခံရမှု ရှိ မရှိ၊ မိသားစုနှင့်တွေ့ဆုံနိုင်မှု၊ နေထိုင်စားသောက်ရေးစီစဉ်ပေးမှု၊ အချုပ်ခန်းများအတွင်း မီလ္လာသုံးစွဲမှုနှင့် အချုပ်ခန်းများအတွင်း သန့်ရှင်းမှု ရှိ မရှိ နှင့် တရားရုံးထုတ်စဉ်မိသားစုဝင်များ အကျိုးဆောင်ရှေ့နေများနှင့် တွေ့ဆုံခွင့်ရရှိမှု အခြေအနေတို့အား အချုပ်သား/အချုပ်သူများနှင့် တွေ့ဆုံမေးမြန်းပြီး အချုပ်ခန်းများအား ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကော်မရှင်ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ မန္တလေးလူငယ်သင်တန်းကျောင်း၊ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း၊ အမျိုးသမီးကလေးများ သင်တန်းကျောင်း၊ အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးဌာန၊ ပုသိမ်ကြီးလူငယ်သင်တန်းကျောင်း၊ ရဲစခန်း အချုပ်ခန်းများနှင့် မြို့နယ်တရားရုံး အချုပ်ခန်းတို့အား ကြည့်ရှုစစ်ဆေးရေးခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလို ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ ပေးပို့သွားမည်ဖြစ်ပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ အဖွဲ့ဝင် ဒေါက်တာဥမ္မာကျော် တိုင်းဒေသကြီးနှင့် ပြည်နယ် ကရာတေးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားသို့တက်ရောက်ခြင်း



ဇူလိုင်လ ၂၇ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥက္ကဋ္ဌ ကိုယ်စား ကော်မရှင်အဖွဲ့ဝင် ဒေါက်တာဥမ္မာကျော် သည် ၂၇-၇-၂၀၂၆ ရက်နေ့၊ ၁၅:၀၀ နာရီအချိန်၊ သုဝဏ္ဏ မြို့နယ် အမျိုးသား အားကစားပြိုင်ပွဲ ရုံ(၁) တွင် ကျင်းပ ပြုလုပ်သည့် ၂၀၂၆ ခုနှစ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ကရာတေးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနား သို့ တက်ရောက်ခဲ့ပါသည်။

---

## လူ့အခွင့်အရေးနှင့် သက်ဆိုင်သော ဥပဒေများ အသိပညာပေးသင်တန်း ဖွင့်လှစ်



ဇူလိုင်လ ၂၈ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် သည် ကော်မရှင်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများ ပြည်သူ၏ လူ့အခွင့်အရေးအသိပညာ မြင့်မားလာစေရေး အတွက် သတင်းအချက်အလက်များဖြန့်ချိခြင်း၊ ပညာပေး ခြင်းလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်လျက်ရှိသကဲ့သို့ ကော်မရှင်ရုံးဌာနအသီးသီးမှ လက်ထောက်ညွှန်ကြားရေး မှူးနှင့် ဦးစီးအရာရှိ အဆင့်ဝန်ထမ်းများနှင့် ရုံးခွဲများမှ တာဝန်ခံများအတွက် လူ့အခွင့်အရေးနှင့် သက်ဆိုင်သော ဥပဒေများ အသိပညာပေး သင်တန်းဖွင့်ပွဲ အခမ်းအနားကို ၂၈-၇-၂၀၂၆ ရက်နေ့၊ ၁၀:၀၀ နာရီအချိန်တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ Conference Room ၌ ကျင်းပခဲ့ရာ အခမ်းအနားသို့ ကော်မရှင်အဖွဲ့ဝင် များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ သင်တန်းနည်းပြများနှင့် သင်တန်း တက်ရောက်ကြမည့် ကော်မရှင်ရုံး အရာထမ်းများ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့် အရေး ကော်မရှင်အဖွဲ့ဝင် ဒေါက်တာနုနုရီက အဖွင့်အမှာ စကားပြောကြားရာ၌ ကော်မရှင်သည် လူ့အခွင့်အရေး မြှင့်တင်ပညာပေးရေးနှင့် လူ့အခွင့်အရေး ကာကွယ်စောင့် ရှောက်ရေးလုပ်ငန်းများကိုအစဉ်တစိုက်ဆောင်ရွက်လျက် ရှိပါကြောင်း၊ ယခုဆိုရင် ၁၅နှစ်တာကာလကိုရောက်ရှိလာ ခဲ့ပြီဖြစ်ကြောင်း၊ လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေး ဟောပြောမှုများ၊ သင်ခန်းစာပို့ချမှုများကို အခြားဝန်ကြီး ဌာန၊ အဖွဲ့အစည်းများတွင်သာမက ကော်မရှင်ရုံးဝန်ထမ်း များ လူ့အခွင့်အရေးဆိုင်ရာ အခြေခံအယူအဆများ၊ သဘောတရားများ သိရှိနားလည်လက်ခံကျင့်သုံးနိုင်စေ ရန်အတွက် ဌာနတွင်းလူ့အခွင့်အရေး အသိပညာပေး သင်တန်းများကို နှစ်စဉ်ဖွင့်လှစ် ဆောင်ရွက်လျက်ရှိ ကြောင်း၊ ဤသင်တန်း၏ ထူးခြားချက်မှာ ကော်မရှင် အဖွဲ့ဝင်များနှင့် အတွေ့အကြုံရှိသည့် ကော်မရှင်ရုံးအရာ ထမ်းများက လူ့အခွင့်အရေးစံနှုန်းများကို ဥပဒေများနှင့် ဆက်စပ်ပြီး ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း စသည် ဖြင့် အကျယ်တဝင့် ပြောကြားခဲ့ပါသည်။

ထို့နောက် Human Rights & Intellectual Property Rights ၊ Human Rights & Environmental Rights နှင့် Human Rights & Marine Environment ဘာသာရပ်များကို ကော်မရှင်အဖွဲ့ဝင်များမှ ပို့ချခဲ့ပါသည်။

အဆိုပါသင်တန်းကို စုစုပေါင်း သင်တန်းသား(၁၄) ဦး၊ သင်တန်းသူ (၇) ဦး စုစုပေါင်း (၂၁) ဦးဖြင့် ၂၀၂၆ ခုနှစ် ဇူလိုင်လ ၂၈ ရက်နေ့မှ စတင်ကာ၊ Hybrid System အသုံးပြု၍ ၃ ရက်ကြာ ကျင်းပပြုလုပ်ခဲ့ပါသည်။

## နိုင်ငံခြားရေးဝန်ကြီးဌာန (ရန်ကုန်) ၌ သင်ခန်းစာသွားရောက်ပို့ချခြင်း



ဇူလိုင်လ ၂၈ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေ ပုဒ်မ ၂၂ အရ လူ့အခွင့်အရေး အသိပညာပေးလုပ်ငန်းများဖြင့်တင်ဆောင်ရွက်လျက်ရှိရာ ယင်းလုပ်ငန်း၏တစ်စိတ်တစ်ဒေသအဖြစ်မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှကော်မရှင်အဖွဲ့ဝင် ဒေါက်တာတင်ဒွေးအိသည် နိုင်ငံခြားရေးဝန်ကြီးဌာန (ရန်ကုန်) ၌ ဖွင့်လှစ်လျက်ရှိသော “အခြေခံသံတမန်ရေးရာသင်တန်း (Certificate Course in Basic Diplomatic Skills – BDS) အမှတ်စဉ် (၄၇/၂၀၂၆)” သို့ ၂၈-၇-၂၀၂၆ ရက်နေ့၊ ၀၇:၀၀ နာရီမှ ၀၉:၀၀ နာရီအချိန်ထိ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက်ပို့ချခဲ့ပါသည်။ အဆိုပါ သင်တန်းတွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဖွဲ့စည်းပေါ်ပေါက်လာပုံ၊ ကော်မရှင်ဥပဒေပြဋ္ဌာန်းဖြစ်ပေါ်လာပုံနှင့် ဥပဒေပါတာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ ကော်မရှင်၏ လက်တွေ့အကောင်အထည်ဖော်နေမှုများ စသည့် ဘာသာရပ်များကို ဆက်စပ်ရှင်းလင်းပို့ချခဲ့ပါသည်။သင်တန်းတွင်သင်တန်းသား ၂၃ ဦး၊ သင်တန်းသူ ၇၂ ဦး၊ စုစုပေါင်း ၉၅ ဦး တက်ရောက်ခဲ့ကြပြီး သိရှိလိုသည့်မေးခွန်းများကို မေးမြန်းခဲ့ကြရာ ကော်မရှင်အဖွဲ့ဝင်က ပြန်လည်ဖြေကြားခဲ့ပါသည်။

---

## ကော်မရှင်ရုံးညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/အမှုထမ်းများ တွေ့ဆုံဆန္ဒဖော်ထုတ်ပွဲ ကျင်းပပြုလုပ်ခြင်း



ဇူလိုင်လ ၃၁ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/ အမှုထမ်းများ တွေ့ဆုံဆန္ဒဖော်ထုတ်ပွဲအမှတ်စဉ် ( ၇/၂၀၂၆ ) အခမ်းအနားကို ၃၁-၇-၂၀၂၆ ရက်နေ့ ၁၃:၀၀ နာရီအချိန် ကော်မရှင်ရုံး Conference Room တွင် ကျင်းပပြုလုပ်ရာ ဦးစွာ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်နိုင်က အဖွင့်အမှာစကား ပြောကြားပါသည်။

အစီအစဉ်အရ ကော်မရှင်ရုံး ဌာနတစ်ခုချင်းနှင့် ကော်မရှင်ရုံးခွဲများဖြစ်ကြသော နေပြည်တော်၊ မန္တလေးနှင့် ပုသိမ်တို့ရှိ အရာထမ်း/ အမှုထမ်းများက ယင်းတို့၏ လိုအပ်ချက်များကို တင်ပြဆွေးနွေးခဲ့ကြပြီး ဌာနတာဝန်ခံ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးချုပ် တို့က ဖြည့်စွက်ဆွေးနွေးခဲ့ပါသည်။

ဝန်ထမ်းများ တွေ့ဆုံဆန္ဒဖော်ထုတ်ခြင်း အခမ်းအနားသို့ ကော်မရှင်ရုံး အရာထမ်း/ အမှုထမ်း (၇၂) ဦး တက်ရောက်ခဲ့ကြပြီး အခမ်းအနားကို ၁၄:၂၀ နာရီ အချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

## ပြင်ပမှ ရွေးချယ်ခန့်ထားမည့် အငယ်တန်းစာရေးများလူတွေ့စစ်ဆေးခြင်း ပြုလုပ်ခြင်း





ဇူလိုင်လ ၃၁ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ လစ်လပ်လျက်ရှိသည့် အငယ်တန်း စာရေးများ ပြင်ပမှခေါ်ယူခန့်ထားနိုင်ရေး အရည်အချင်း စစ်ဆေးခြင်းကို ၃၁-၇-၂၀၂၆ ရက်နေ့ ၊ ကော်မရှင်ရုံး၊ စုံစမ်းစစ်ဆေးရေး အစည်းအဝေးခန်းမတွင် လူတွေ့စစ်ဆေးခြင်းနှင့် ကွန်ပျူတာ လက်တွေ့စစ်ဆေးခြင်း ပြုလုပ်ဆောင်ရွက်ခဲ့ပြီး လူတွေ့ဖြေဆိုအောင်မြင်သည့်သူများအား ကော်မရှင်ရုံး လုပ်ထုံးလုပ်နည်းများနှင့်အညီ အငယ်တန်းစာရေး ခန့်အပ်နိုင်ရေး အုပ်ချုပ်မှုစီမံခန့်ခွဲရေးကော်မတီသို့ တင်ပြဆောင်ရွက်မည်ဖြစ်ပါသည်။

---

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးဝန်ထမ်းများ တနင်္လာနေ့နှင့် သောကြာနေ့တိုင်း နိုင်ငံတော်အလံအား အလေးပြုခြင်းနှင့် သစ္စာအဓိဋ္ဌာန်ရွတ်ဆိုခြင်းများဆောင်ရွက်ခြင်း



ဇူလိုင်လ ၃၁ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး ဝန်ထမ်းများသည် ၂၀၂၆ ခုနှစ်၊ ဇူလိုင်လအတွင်း နိုင်ငံတော်အလံအလေးပြုခြင်းနှင့် နိုင်ငံ့ဝန်ထမ်း သစ္စာအဓိဋ္ဌာန် (၆)ချက် ရွတ်ဆိုခြင်းကို အပတ်စဉ် တနင်္လာနေ့နှင့် သောကြာနေ့များတွင် ဆောင်ရွက်လျက်ရှိပါသည်။

---

## တိုင်ကြားချက်များစိစစ်ဆောင်ရွက်ခြင်း

